ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်

# Fake News သတင်းတုများ ကာကွယ်တားဆီးနေမှု


## အကျဉ်းချုပ်

ကမ္ဘာ့နိုင်ငံအများအပြားတွင် သတင်းတု၊ သတင်းမှားများကြောင့် အသက် အိုးအိမ် ဆုံးရှုံး ပျက်စီးခဲ့ရမှုများ အများအပြားရှိနေပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်း နေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျောက် ကိုးကွယ်ယုံကြည်ရာဘာသာ၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားတို့နှင့်ပတ်သက်၍ တိုင်းရင်းသားလူမျိုးများအကြား မတူကွဲပြားပါသည်။ အဖျက် အမှောင့်အင်အားစုတို့က သတင်းတု၊ သတင်းမှားများ၊ အမုန်းစကားများတို့ကို အဓိကလက်နက် တစ်ရပ်အဖြစ် ပြောဆိုဖြန့်ဝေတိုက်ခိုက်လေ့ရှိသဖြင့် အဆိုပါဖြန့်ဝေမှုကို တားဆီးနိုင်ရေးသည် ပြည်ထောင်စု၏ အရေးကြီးသောလိုအပ်ချက် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သတင်းတုဖြန့်ဝေသူများကို အရေးယူနိုင်ရန် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၆၆(ဃ)တွင် ထောင်ဒဏ်သုံးနှစ်အထိ၊ ငွေဒဏ်ပြစ်ဒဏ်နှစ်ခုစလုံး ချမှတ်နိုင်ပါသည်။ ရာဇသတ်ကြီး ပုဒ်မ ၅၀၅ တွင်ထောင်ဒဏ် နှစ်နှစ်အထိချမှတ်နိုင်ပြီး ငွေဒဏ်ပြစ်ဒဏ်နှစ်ခုစလုံး ချမှတ်နိုင်ပါသည်။ ယခု သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အမုန်းစကားများ ကာကွယ် တားဆီးရေးဥပဒေကြမ်းကို ရေးဆွဲ၍ လွှတ်တော်သို့တင်သွင်းသွားမည်ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် ၂၀၁၇ ခုနှစ်၊ ဇွန်လက ဂျာမနီနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သောကွန်ရက်များ စောင့်ကြည့်ထိန်းမတ်ရေးဥပဒေ(နက်စ်ဒေဂေ)၊ ၂၀၁၉ ခုနှစ်၊ မေလက စင်ကာပူနိုင်ငံ၌ပြဋ္ဌာန်းခဲ့ သော မမှန်ကန်သောသတင်းများကိုလေလှိုင်းပေါ်မှ ထုတ်လွှင့်ခြင်းဖြင့် ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုမှကာကွယ်ရေးဥပဒေများ ပြဋ္ဌာန်းနိုင်ခဲ့မှု အခြေအနေများနှင့် အင်ဒိုနီးရှားနှင့်တောင် ကိုရီးယားနိုင်ငံတို့တွင် Fake News များကို ဥပဒေများအတည်ပြုပြဋ္ဌာန်း၍ ကာကွယ်တားဆီးမှု များကိုဖော်ပြထားပါသည်။


သုတေသနစာတမ်းတိုအမှတ် (၁၁၄)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | သတင်းတု၊ သတင်းယောင် | ၃ |
| ၃။ | သတင်းတုဖြန့်ဝေသူများကို အရေးယူနိုင်သောဥပဒေများနှင့်ထပ်မံရေးဆွဲတင်သွင်းပြဋ္ဌာန်းမည့် ဥပဒေကြမ်း | ၅ |
| ၄။ | နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက် | ၆ |
| ၅။ | အဖွဲ့အစည်းများ၏ဆောင်ရွက်ချက် | ၉ |
| ၆။ | Facebook Platform | ၁၀ |
| ၇။ | လူမှုကွန်ယက်၏အားနည်းချက်များ | ၁၁ |
| ၈။ | ဂျာမနီနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သောကွန်ရက်များစောင့်ကြည့်ထိန်းမတ်ရေးဥပဒေ(နက်စ်ဒေဂေ) | ၁၂ |
| ၉။ | စင်ကာပူနိုင်ငံ၌ပြဋ္ဌာန်းခဲ့သော မမှန်ကန်သောသတင်းများကိုလေလှိုင်းပေါ်မှထုတ်လွှင့်ခြင်းဖြင့် ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုမှကာကွယ်ရေး ဥပဒေကြမ်း | ၁၃ |
| ၁၀။ | အင်ဒိုနီးရှားနိုင်ငံတွင် Fake News များကို ကာကွယ်တားဆီးမှုများ | ၁၆ |
| ၁၁။ | တောင်ကိုရီးယားနိုင်ငံတွင်Fake News များ ကိုကာကွယ်တားဆီးမှုများ | ၁၇ |
| ၁၂။ | သတင်းတု၊ သတင်းမှားကို သိရှိနိုင်မည့် အချက်များ | ၁၈ |
| ၁၃။ | လွှတ်တော်ကိုယ်စားလှယ်များ၏ ထင်မြင်ချက် | ၂၀ |
| ၁၄။ | ပညာရှင်၏ ထင်မြင်ချက် | ၂၁ |
| ၁၅။ | ဆောင်းပါးရှင်၏ ထင်မြင်ချက် | ၂၁ |
| ၁၆။ | နိဂုံး | ၂၂ |

## နိဒါန်း

၁။ လူသားတို့သည် နေ့စဉ်နဲ့အမျှ သတင်းများနှင့်ရင်းနှီးကျွမ်းဝင်လျှက်ရှိနေပါသည်။ သတင်းတစ်ခု ထူးခြားသည်နှင့် မီဒီယာများတင်သာမက လူမှုကွန်ရက်များမှ အလျင်မြန်ဆုံးနှုန်းနှင့် တစ်ကမ္ဘာလုံး သို့ပျံ့နှံ့သွားပါသည်။ သတင်းအတုအယောင် (Fake News)များကို ပြည်တွင်းတွင်သာမက နိုင်ငံတကာမှာပါ မကြာခဏကြုံတွေ့နေရပြီး ၎င်းတို့သည်ထပ်ဆင့်ဖြန့်ဝေကြသူအများအပြားထံမှပျံ့နှံ့သွားပြီးသည့် နောက်တွင် အမှန်တရားကိုပြန်လည်ရရှိရန်အတွက် အတော်လေး ဖြေရှင်းကြရပါသည်။ လူပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ချင်းမှ အဖွဲ့အစည်းများ၊ နိုင်ငံများ၊ လူမျိုးများစသည်ဖြင့် အားလုံးတွင် လက်ရှိ ရင်ဆိုင်နေကြရသည့် ပဋိပက္ခများ၏ အခြေခံအကြောင်းရင်းများမှာ ခိုင်မာမှု၊ မှန်ကန်မှု မရှိသော သတင်းအတုအယောင်များကြောင့် ဖြစ်ပါသည်။[1]

၂။ Social Media များဖြစ်သော Facebook, Whatsapp, Twitter များမှ ရည်ရွယ်ချက်ရှိရှိဖြန့်ဝေလိုက်သည့် သတင်းတု၊ သတင်းအမှားများကြောင့် ကမ္ဘာ့နိုင်ငံအများအပြားတွင် အသက်အိုးအိမ် ဆုံးရှုံးပျက်စီးရမှုများ အများအပြားရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်း နေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည့်အလျှောက် ကိုးကွယ်ယုံကြည်ရာဘာသာတွင်သာမက မတူကွဲပြားခြားနားသောအယူအဆ၊ အတွေးအခေါ်၊ ခံယူချက်၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာ၊ သမိုင်းနောက်ခံများရှိကြပါသည်။ အဖျက်အမှောင့်အင်အားစုတို့က သတင်းတု၊ သတင်းမှား၊ အမုန်းစကားများတို့ကို အဓိကလက်နက် တစ်ရပ်အဖြစ် ပြောဆိုဖြန့်ဝေတိုက်ခိုက်လေ့ရှိသဖြင့် အဆိုပါဖြန့်ဝေမှုကို တားဆီးနိုင်ရေးသည် ပြည်ထောင်စု၏ အရေးကြီးသော လိုအပ်ချက် ဖြစ်ပါသည်။[2]

## သတင်းတု၊ သတင်းယောင်

၃။ သတင်းတု၊ သတင်းယောင်(Fake News) ဆိုသည်မှာ သတင်းအချက်အလက်များကို လိမ်လည်လှည့်ဖျား၍ ပုံနှိပ်ထုတ်ဝေခြင်းဖြင့် အခြားသူများကို မှားယွင်းစွာ ယုံကြည်စေခြင်း သို့မဟုတ် စိစစ်အတည်ပြုနိုင်သော အချက်အလက်များမှာ သံသယဖြစ်နိုင်ခြင်းတို့ကိုဖြစ်ပေါ်စေ

[1] ရတနာခြူး သတင်းအတုတွေနဲ့ အဝေးဆုံးမှာ နေကြမယ်(၁၅-၈-၂၀၁၈)၊ available from: https://www.moi.gov.mm/?q=content/%E1%80%9E%E1%80%90%E1%80%84%E1%80%BA%E1%80%B8%E1%80%A1%E1%80%90%E1%80%AF%E1%80%90%E1%80%BD%E1%80%B1%E1%80%94%E1%80%B2%E1%80%B7-%E1%80%A1%E1%80%9D%E1%80%B1%E1%80%B8%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%99%E1%80%BE%E1%80%AC-%E1%80%94%E1%80%B1%E1%80%80%E1%80%BC%E1%80%99%E1%80%9A%E1%80%BA [accessed 20 August, 2019]

[2] ဉာဏ်ဝင်းရှိန်၊ တရားဝင်သတင်းဌာနတွေကိုပါ ခြိမ်းခြောက်လာတဲ့ လူမှုကွန်ရက်ပေါ်က သတင်းတုပြဿနာ၊ (၇-၇-၂၀၁၉)၊ available from: https://news-eleven.com/article/121536[accessed 20 August, 2019]

သော သတင်းများကို ဆိုလိုပါသည်။[3] ဝါဒဖြန့်ချက်များမှ ခြောက်လှန့်ဖန်တီးချက်များ၊ အပျော်အစအနောက်ပြုလုပ်မှုများအထိ၊ နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ အကျိုးအမြတ် ရရှိစေရန်ရည်ရွယ်ပြီး အွန်လိုင်းပေါ်တွင် ဖြန့်ချီနေသည့် တမင်တကာ လုပ်ကြံထားသော သတင်းမှားများ၊ မမှန်သတင်းများကိုလည်း“သတင်းတုများ”ဟုခေါ်ဆိုပါသည်။[4] သတင်းတုများနှင့်စပ်လျဉ်း၍

(က) **Misinformation။** ရည်ရွယ်ချက်မရှိဘဲ ဖြစ်ပေါ်လာသော သတင်းမှားများ (Incorrect Information) ကိုဆိုလိုပါသည်။ သတင်းထောက် (သို့မဟုတ်) သတင်းဌာန၏ ပေါ့ဆမှုကြောင့်လည်းကောင်း၊ သတင်းအရင်းအမြစ်၏ ပေါ့ဆစွာ မှားယွင်းပြောဆိုမှု (သို့မဟုတ်) မီဒီယာနှင့်စကားပြောဆိုရာတွင် ကျွမ်းကျင်လည်ပတ်မှုမရှိဘဲ ရှုပ်ထွေးစွာပြောဆိုမှုများကြောင့်လည်းကောင်း Misinformation များဖြစ်ပေါ်နိုင်ပါသည်။ ဆေးပညာ၊ စိုက်ပျိုးရေး အစရှိသောပညာရပ်ဆိုင်ရာ သတင်းအချက်အလက်များကို တင်ပြရာတွင်လည်း သတင်းသမား၏ ပညာရပ်နယ်ပယ်နှင့် အကျွမ်းတဝင် မရှိမှုကြောင့် Misinformation ကို ဖြစ်ပေါ်စေပါသည်။

Misinformation ဟုသတ်မှတ်နိုင်သော သတင်းမှားများမှာ

(၁) ရည်ရွယ်ချက်ရှိရှိဖြင့် တမင်သက်သက်ဖန်တီးရေးသားထုတ်လွှင့်မှုမျိုး မရှိခြင်း၊

(၂) သတင်းပျံ့နှံ့ရာတွင်လည်း တမင်ရည်ရွယ်ချက်ဖြင့် ဖြန့်ဖြူးခြင်းမရှိဘဲ ပုံမှန် (Originally) ပျံ့နှံ့သွားခြင်းမျိုးသာဖြစ်ခြင်းဟူသည့် အချက်များကို တွေ့နိုင်ပါသည်။ ထို့ကြောင့် Misinformation များကို ရိုးသားစွာမှားယွင်းခြင်း (Honest Mistake) ဟုလည်းခေါ်ဆိုတတ်ကြပါသည်။ Misinformation များကို ထုတ်လွှင့်မိသည့်သတင်းရင်းမြစ်များအနေဖြင့် သတင်းမှန်ကို ပြန်လည်ရှင်းလင်းခြင်း၊ သတင်းဌာနများအနေဖြင့်လည်း သတင်းအချက်အလက်မှန်ကိုရရှိသည့်အခါ ၎င်းတို့တင်ပြခဲ့သည့် သတင်းမှားအတွက် တောင်းပန်ခြင်း၊ အမှားပြင်ဆင်ခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လေ့ရှိပါသည်။[5]

(ခ) **Disinformation။** လုပ်ကြံဖန်တီးထားသော အချက်အလက်သတင်းများကို လိမ်လည်လှည့်စားရန် ရည်ရွယ်ချက်ရှိရှိဖြင့် အမြင်မှားစေရန် တမင်ဖြန့်ဖြူးခြင်း

---

[3] Wikipedia၊ Fake news၊ available from: https://en.wikipedia.org/wiki/Fake_news၊,[accessed 3 September, 2019]

[4] BBC၊ သတင်းတုများကို တိုက်ဖျက်ခြင်း၊ (၁၈-၁၁-၂၀၁၈)၊ available from: https://www.bbc.co.uk/academy/my/articles/art20181112115401830, [accessed 3 September, 2019]

[5] ခိုင်ကြည်သစ်၊ သတင်းမှား၊ သတင်းတုနှင့် သတင်းဖတ်သူ၊ (၁၀-၂-၂၀၁၉) ၊ available from:https://www.7daydaily.com/story/149668, [accessed 3 September, 2019]

ကို ဆိုလိုပါသည်။[6] Disinformation များသည်လည်း သတင်းမှားများဖြစ်ပြီး Misinformation နှင့် အဓိကကွာခြားချက်မှာ ယင်းတို့သည်

(၁) ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းမှားကို ရေးသားထုတ်လုပ်ဖြန့်ချီခြင်း၊

(၂) သတင်းဖြန့်ချီရာတွင်လည်း ယင်းသတင်းမှားကို တတ်နိုင်သမျှ ပျံ့နှံ့သွားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် Campaign အသွင် ဖြန့်ဝေသည့်သတင်းများဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။[7]

## သတင်းတုဖြန့်ဝေသူများကို အရေးယူနိုင်သောဥပဒေများနှင့်ထပ်မံရေးဆွဲတင်သွင်းပြဋ္ဌာန်းမည့် ဥပဒေကြမ်း

၄။ သတင်းတုဖြန့်ဝေသူများကိုအောက်ပါ ဥပဒေများအရ အရေးယူနိုင်ပြီး အမုန်းစကားများကာကွယ်တားဆီးနိုင်ရန် ဥပဒေကြမ်း ရေးဆွဲပြီး လွှတ်တော်သို့တင်သွင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ဆက်သွယ်ရေးဥပဒေ။** ယင်းဥပဒေ၏ ပုဒ်မ ၆၆(ဃ)အရ မည်သူမဆို ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရား တားဆီးကန့်ကွက်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုပြဋ္ဌာန်းထားပါသည်။[8]

(ခ) **ရာဇသတ်ကြီး။** အများပြည်သူ၏အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ တွင် မည်သူမဆို ဖော်ပြချက်ကိုဖြစ်စေ၊ ကောလာဟလကိုဖြစ်စေ၊ သတင်းကိုဖြစ်စေပြုရာတွင် သို့တည်းမဟုတ် ထုတ်ပြန်ကြေညာရာတွင်၊ သို့တည်းမဟုတ် ဖြန့်ချိရာတွင်-

- ပြည်ထောင်စုအစိုးရ၏ ကြည်း၊ ရေ၊ လေ တပ်တစ်ခုခုမှ အရာရှိအား၊ သို့တည်းမဟုတ် တပ်သားအား စစ်ပုန်ကန်ခြင်းကိုသော်လည်းကောင်း၊ သက်

[6] Khit Thit News Agency၊ လူမှုကွန်ရက်အလွဲသုံး ရွေးကောက်ပွဲ လိမ်လည်မှုများ ၊ အာဏာနိုင်ငံရေးနှင့် မြန်မာ့ ၂၀၂၀ ရွေးကောက်ပွဲအတွက် စိုးရိမ်စရာများ (၂၃-၈-၂၀၁၉) https://www.khitthitnews.com/2019/08/%E1%80%9C%E1%80%B0%E1%80%99%E1%80%BE%E1%80%AF%E1%80%80%E1%80%BD%E1%80%94%E1%80%BA%E1%80%9B%E1%80%80%E1%80%BA%E1%80%A1%E1%80%9C%E1%80%BD%E1%80%B2%E1%80%9E%E1%80%AF%E1%80%B6%E1%80%B8-%E1%80%9B%E1%80%BD.html,[accessed 3 September, 2019]

[7] ခိုင်ကြည်သစ်/သတင်းမှား၊ သတင်းတုနှင့် သတင်းဖတ်သူ(၁၀-၂-၂၀၁၉)၊ available from: https://www.7daydaily.com/story/149668,[accessed 3 September, 2019]

[8] ဆက်သွယ်ရေးဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁၊ ၂၀၁၃ ခုနှစ်၊ ပုဒ်မ ၆၆(ဃ), [accessed 20 October, 2019]

ဆိုင်ရာ မိမိ၏တာဝန်ဝတ္တရားကို မလေးစားခြင်းသော်လည်းကောင်း၊ ပျက်ကွက်ခြင်းသော်လည်းကောင်း ပြုစေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ပြုစေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

- နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့် ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူကကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း ခြောက်လှန့်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်

လူအမျိုးအစား အချင်းချင်းဖြစ်စေ၊ လူမျိုးစုအချင်းချင်းဖြစ်စေ တစ်ဖက်နှင့်တစ်ဖက် ပြစ်မှုကျူးလွန်စေရန် လှုံ့ဆော်ရန်အကြံရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါ လှုံ့ဆော်ခြင်းကို ဖြစ်စေတန်ရာသည့် အကြောင်းရှိလျှင်၊ ထိုသူကို နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည် ဟုပြဋ္ဌာန်းထားပါသည်။[9]

(ဂ) **အမုန်းစကားများကာကွယ်တားဆီးရေးဥပဒေကြမ်း။** သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မတူညီသော ဘာသာဝင်များအကြား အမုန်းပွားစေသောလုပ်ရပ်များကိုထိန်းချုပ်နိုင်ရန် အမုန်းစကားများကာကွယ်တားဆီးရေးဥပဒေကြမ်းကိုရေးဆွဲခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံတချို့တွင် ဤကဲ့သို့သော ဥပဒေမျိုးပြဋ္ဌာန်းကျင့်သုံးသည်ကိုထောက်ချင့်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် အလားတူဥပဒေမျိုး ပြဋ္ဌာန်းကျင့်သုံးရန် လမ်းညွှန်ခဲ့သောကြောင့် ဖြစ်ပါသည်။[10]

## နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်

၅။ ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့က မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဦးစီးကျင်းပသည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က“Fake news သည် လွန်ခဲ့သည့် ၃-၄-၅ နှစ်အတွင်းစတင်ပေါ်ပေါက်လာ၍ တချိန်က ယင်းကို လန်ကြုတ်သတင်း၊ လုပ်ကြံဖန်တီးသည့်သတင်းဟုပြောကြပြီး ယခင်ကထက်

---

[9] ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ အများပြည်သူ၏အကျိုးပျက်စီးစေမှုကိုဖြစ်သော ဖော်ပြချက်၊ ရာဇသတ်ကြီး,[accessed 3 September, 2019]

[10] သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ တားဆီးရမည့် အမုန်းစကားများ၊ available from: https://www.moi.gov.mm/npe/?q=editor-remark/29/04/2017/id-59443,[accessed 7 September, 2019]

အရေအတွက်များပြားလာပါသည်။ မသမာသူများက မမှန်သတင်းကို စနစ်တကျထုတ်လုပ်ဖြန့်ချိလာခြင်းဖြစ်သည့်အတွက် ပိုပြီးအန္တရာယ် ကြီးမားလာခြင်းဖြစ်ပါသည်။ Post Truth သည် ၂၀၁၆ ခုနှစ်၏ အထူးခြားဆုံးစကားလုံး တစ်ခုဖြစ်ခဲ့ပါသည်။ Post Truth သည် အမှန်ကိုလွန်သွားသည့်ကိစ္စဟုဆိုပါသည်။ Post Truth ကဘာကိုဆိုလိုချင်သလဲဆိုလျှင် လူတစ်ယောက်က တစ်စုံတစ်ရာကို ပြောဆိုရေးသားသည့် အခါအကြောင်းအရာ အချက်အလက်က မှန်ချင်မှမှန်မည်၊ သို့သော်နားထောင်ရသူ၊ ဖတ်ရသူကယုံသွား၊ လက်ခံသွားပါသည်။ မမှန်တာကိုပြောသော်လည်း လူယုံသည်ဆိုသည့်ကိစ္စသည် အင်မတန်မှ တန်ဖိုးရှိသည့် ကိစ္စ တစ်ခု၊ အတုယူစရာ တစ်ခုဟုဖြစ်လာလျှင်လူ့အဖွဲ့အစည်းတွင်မှုသာဝါဒများလွှမ်းမိုးလာလိမ့်မည်ဖြစ်ပါသည်။ Post Truth နောက်တွင် ပေါ်လာသည့် စကားလုံးတွင်ကျယ်လာသည်က Fake News ဟူ၍ ဖြစ်ပါသည်။ Fake News က လွန်ခဲ့သည့် ၃-၄ နှစ်အတွင်း ပိုပြီးတွင်ကျယ်လာသောကြောင့် ၎င်း၏ရိုက်ခတ်မှုများကို ခံနေရပါသည်။

၆။ သတင်းအမှားများဖြင့် ပုံဖျက်တိုက်ခိုက်မှုကြောင့် နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအပါအဝင် နိုင်ငံရေးစနစ်၊ ရွေးကောက်ပွဲ စနစ်အပါအဝင် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်များပါထိခိုက်လာမည်ဆိုလျှင် ထိုအရာများအပေါ်တွင် အခြေခံပြီး တည်ဆောက်ထားသည့် ဒီမိုကရေစီစနစ်သည်လည်းယိုင်နဲ့လာနိုင်ပါသည်။ ဒီမိုကရေစီတည်တံ့ရန်အတွက်လည်း အန္တရာယ် ဖြစ်လာနိုင်ပါသည်။ တစ်ချိန်တည်းမှာ သတင်းအမှားများသည် ဒီမိုကရေစီစနစ်နှင့် နိုင်ငံ၏ တည်ငြိမ်မှုကိုထိပါးစေရုံသာမက သတင်းမီဒီယာလောကကိုလည်း ထိပါးနိုင်ပါသည်။ သတင်းလောကထဲမှာမမှန်ကန်သောသတင်းများ ပျံ့နှံ့နေမည်ဆိုလျှင် အများပြည်သူ ကြားလိုက်ရသည့် သတင်းမှန်သမျှမှာ အများစုက မဟုတ်မမှန် လုပ်ကြံသည့် သတင်းများဖြစ်သည်ဆိုလျှင် သတင်းမီဒီယာကို အများပြည်သူဘက်က အားကိုးယုံကြည်မှု လျော့နည်းလာနိုင်ပါသည်။ Times of Disinformation ခေတ်မှာရွေးကောက်ပွဲများ၏ ဒီမိုကရေစီစနစ်သည် ထိခိုက်လာနိုင်သကဲ့သို့ Journalism နှင့် Journalistများသည်လည်း ထိခိုက်လာနိုင်ပါသည်။ ယင်းကို ကာကွယ်ရန် သတင်းသမားများသည် သတင်းအမှန်ဖြင့် ပြန်လည်ချေဖျက်ပြီး တားဆီးကာကွယ်ရမည်ဖြစ်ပါသည်။ သတင်းအမှန်များ၊ မိမိတို့ရေးသားဖြန့်ဝေသည့်သတင်းများ အချက်အလက်မှန်ကန်ရန် ဂရုစိုက်ဆောင်ရွက်သင့်ပါသည်။

၇။ ယနေ့ကာလတွင် တချို့အဖွဲ့အစည်းများက စတင်ဆောင်ရွက်နေပြီဖြစ်သည့် Media and Information Literacy ဆိုသည်မှာ အများပြည်သူက သတင်းအမှား၊ သတင်းအတုအယောင်၊ သတင်းလိမ်ကိုတွေ့လျှင် ၎င်းသည် သတင်းအမှား၊ သတင်းအလိမ်အညာများဖြစ်သည်ကို သိသာအောင် စိစစ်သုံးသပ်အကဲဖြတ်နိုင်သည့် အသိပညာ၊ အတွေ့အကြုံရရှိစေမည့် အသိပညာပေးသော အစီအစဉ်ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောဆိုရာတွင် Media Literacy၊ Information

Literacy ရအောင်ဆောင်ရွက်သည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိစ္စများကို သတင်းမီဒီယာသမားများ က အဓိကဦးဆောင်ပြီး ဆောင်ရွက်မည်ဆိုပါက မမှန်ကန်သော သတင်းများ ဖြန့်ချီသည့်ကာလ ကို မှန်မှန်ကန်ကန်အန္တရာယ်ကင်းစွာ ဖြတ်ကျော်နိုင်မည်ဟုမြင်ပါသည်"[11] ဟုပြောကြားခဲ့ပါသည်။

၈။ တည်ငြိမ်မှုပျက်ပြားစေပြီး လူထုအတွင်းထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိ သတင်းမှားနှင့်ကောလာဟလဖြန့်ချိမှုများကို အထူးသတိပြုရန်အတွက် ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက် တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါထုတ်ပြန်ချက်တွင် လူမှုကွန်ရက်စာမျက်နှာအချို့တွင် NLD သတင်းသီးသန့်၊ NLD Central News စသည့် အမည်တုများဖြင့် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့် စပ်လျဉ်း၍ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ချီလာခဲ့ပြီး အင်တာနက်စာမျက်နှာအချို့တွင် ဆက်လက်ဖြန့်ချီနေသည်များတွေ့ကြောင်း၊ အလားတူ ထိုသတင်းမှားများကိုအခြေခံ၍ ပြည်သူ လူထုအတွင်း ကောလာဟလများ ပြန့်ပွားစေရန် ဆက်လက်ဖြန့်ချီခြင်းများ လုပ်ဆောင်လာခဲ့ ကြောင်း၊ ထိုဆောင်ရွက်ချက်များသည် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲရလဒ်နှင့် အညီ နိုင်ငံ့တာဝန်ကိုထမ်းဆောင်လျက်ရှိသော နိုင်ငံတော်အစိုးရလက်ထက် နိုင်ငံရေး မတည်ငြိမ် မှုများ ဖြစ်ပေါ်လာစေရန်၊ ကောလာဟလများ ကြီးထွားလာပြီး ပြည်သူများအကြား ကျီးလန့်စာစား အခြေအနေများဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း တွေ့ရှိရ ပါသည်။ ထိုသို့သတင်းမှားများ ဖြန့်ချီ၍ ကောလာဟလများဖြင့် နိုင်ငံရေးတည်ငြိမ်မှုများပျက်ပြား စေရန် ဆောင်ရွက်နေခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် သိသင့်သိထိုက် သော သတင်းအချက်အလက်များကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည် ဟုဖော်ပြထားပါသည်။[12]

၉။ နိုင်ငံတော်အစိုးရအနေနဲ့ e-government ကိုတည်ဆောက်မှုနှင့် Digital Economy ကို မြှင့်တင်မှုမှာသင့်လျော်သည့်မူဝါဒများ၊ စည်းမျဉ်းမူဘောင်များဖော်ဆောင်ပေးရန်ဆောင်ရွက်နေပါ သည်။ ထိုသို့ဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာသည့် လူထုအစည်းအဝေးပွဲများပြုလုပ်ပြီး ပြည်သူ များ၏အသံကိုပါဝင်နိုင်စေရန်အတွက် အဆင့်ဆင့်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ တစ်ချိန်တည်း

[11] ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပ (၃-၅-၂၀၁၉)၊ available from: https://www.moi.gov.mm/?q=news/3/05/2019/id-25739,[accessed 7 September, 2019]

[12] နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် (၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်) ၊ available from: https://www.moi.gov.mm/npe/?q=news/5/05/2017/id-59845,[accessed 7 September, 2019]

မှာပင် နိုင်ငံတော်အစိုးရအနေနဲ့ အွန်လိုင်းအသုံးပြုသူများနှင့်အတူ ၎င်းတို့ရဲ့ လွတ်လပ်စွာပြောဆိုခွင့်ကိုလည်း ကာကွယ်ပေးရန်လိုအပ်ပါသည်။ [13]

## အဖွဲ့အစည်းများ၏ဆောင်ရွက်ချက်

၁၀။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဦးမြင့်ကျော်က "သူများသတင်းများကို ခိုးယူပြီး ပြန်ဖော်ပြမှုများ၊ ရည်ရွယ်ချက်ရှိရှိနဲ့ ဘာသာရေး၊ လူမျိုးရေးတွေကို လှုံ့ဆော်ခြင်းမှုများကို ရှာဖွေပြီး စောင့်ကြည့်ပါမည်။ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် သတင်းတု သတင်းမှားများကို ဖော်ပြနေသည့် Facebook Page များကို စောင့်ကြည့်ဖော်ထုတ်မည်ဖြစ်ပြီး တွေ့ရှိချက်ပေါ်မူတည်၍ Page အတုများဖြစ်ကြောင်းထုတ်ပြန်ကြေညာပေးပါမည်။ မိမိတို့က ယုံကြည်ထိုက်သည့် သတင်းဌာနမဟုတ်ဘူး၊ သတင်းဌာနတစ်ခုအဖြစ် မသတ်မှတ်ဘူး ဆိုသောစာရင်း ထုတ်ပြန်ကြေညာသွားသည့်အစီအစဉ်ကို လုပ်ပါမည်"ဟုပြောကြားခဲ့ပြီး "အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူလူထုကလည်း သတင်းဌာနမဟုတ်သည့် Page များက ဖော်ပြမှုများကို အလွယ်တကူ မယုံကြည်ရန်နှင့် သတင်းဌာန စစ်၊ မစစ်သေချာဂရုစိုက်လေ့လာသုံးသပ်ကြပါရန်"အကြံပြုတိုက်တွန်းထားပါသည်။[14]

၁၁။ ပြန်ကြားရေးဝန်ကြီးဌာနတွင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခဲ့သော တတိယအကြိမ် မဏ္ဍိုင် (၄) ရပ် အလုပ်ရုံဆွေးနွေးပွဲမှရရှိခဲ့သည့် သဘောတူညီချက် ၁၃ ချက် အနက် အမှတ်စဉ် ၁၀ တွင် "သတင်းအတု/အယောင်များ၊ သတင်းမှားများရေးသားဖြန့်ဖြူးနေမှုများနှင့်ပတ်သက်၍သတင်း မီဒီယာများနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက ဖော်ထုတ်ပြီး ပြည်သူလူထုသို့အသိပေးဖြန့်ဝေသွားရန်"ဟုပါရှိပါသည်။ ထို့ကြောင့် ကောင်စီအနေဖြင့် သတင်းခိုးယူမှုစောင့်ကြည့်ရေးအဖွဲ့က ပေးပို့လာသည့် သတင်းခိုးယူနေသည် Website များ၊ ဆိုရှယ်မီဒီယာ Page များကို စိစစ်ပြီး မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနတွင်မှတ်ပုံတင်ထားခြင်း ရှိ မရှိကိုလည်း စစ်ဆေးခဲ့ပါသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းအတု/အယောင်များ၊ သတင်းမှားများနှင့်သတင်းခိုးယူနေသည့် Website နှင့် Social Media Page များ၏ အမည်စာရင်း ၃၂ ခုကို ၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်တွင် ပထမအကြိမ်ထုတ်ပြန်ကြေညာခဲ့ပါသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကသတင်းအတု/အယောင်များ၊သတင်းမှားများနှင့်သတင်းခိုးကူးနေသည့် Online

---

[13] ဦးစိုးသိမ်း(အမြဲတမ်းအတွင်းဝန်) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းတု၊ သတင်းမှားများ(မဟုတ်မမှန်သတင်းများ)ကိုတုံ့ပြန်ချေဖျက်နိုင်ရန် တတိယအကြိမ်မြောက် မြန်မာ့ဒစ်ဂျစ်တယ် အခွင့်အရေးဖိုရမ် စတင်ကျင်းပ၊ (၁၈-၁-၂၀၁၉)၊ available from: https://www.myanmar-responsiblebusiness.org/my/news/digital-rights-forum-2019.html,[accessed 7 September, 2019]

[14] ဝဏ္ဏအောင်၊ သတင်းတုများ ဖြန့်ချိနေသော ဖေ့စ်ဘွတ်ခ်စာမျက်နှာများကို သတင်းမီဒီယာကောင်စီ စောင့်ကြည့်ဖော်ထုတ်မည်ဟုဆို၊ (၂၂-၁၁-၂၀၁၈)၊ http://7daydaily.com/story/142846,[accessed 7 September, 2019]

Website များ၊ Social Media Page များစာရင်းကို ဩဂုတ် ၁၅ ရက်တွင် ဒုတိယအကြိမ် ကြေညာခဲ့ပါသည်။ ထပ်မံရရှိမည့် သတင်းခိုးကူးသည့် Online Website နှင့် Social Media Page များကိုလည်း ဆက်လက် ကြေညာမည်ဖြစ်ကြောင်း သိရပါသည်။[15]

၁၂။ စင်ကာပူနိုင်ငံတွင် ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်က ကျင်းပပြုလုပ်ခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သတင်းပြန်ကြားရေးဆိုင်ရာဝန်ကြီးများအစည်းအဝေးတွင် သတင်းတုများ၏ အန္တရာယ်ဖြစ်မှုကို လျှော့ချရန် ပညာပေးခြင်းနှင့်အသိပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့်တုံ့ပြန်ခြင်း၊ သတ်မှတ်ချက်များနှင့်လက်တွေ့ကျင့်သုံးရန် လမ်းညွှန်ချက်များ၊ အဖွဲ့အစည်းများနှင့်အားလုံး ပူးပေါင်းပါဝင်ရေး မဟာဗျူဟာမူဘောင် ၄ ရပ် ချမှတ်ကျင့်သုံးမည် ဟုပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ အာဆီယံသတင်းပြန်ကြားရေးဆိုင်ရာဝန်ကြီးများသည် နိုင်ငံအချင်းချင်းအကြား ဒစ်ဂျစ်တယ် အသိပညာတိုးမြှင့်ရန်၊ သတင်းတုများကို ဆန့်ကျင်သည့်သတ်မှတ်ချက်၊ လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများကို တွန်းအားပေးရန်နှင့် သတင်းတုများ၏စိန်ခေါ်မှုကို အကောင်းဆုံးတုံ့ပြန်သည့် အလေ့အကျင့်ကောင်းများ မျှဝေရန်တို့ကို အတူတကွဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။[16]

## Facebook Platform

၁၃။ လူမှုကွန်ရက်စာမျက်နှာများတွင် မြန်မာဘာသာစကားဖြင့်ရေးသားဖော်ပြသည့်အကြောင်းအရာများကို စစ်ဆေးရန် မြန်မာဝန်ထမ်း ၁၀၀ နီးပါးခန့်အပ်ထားပြီး အချိန်ပြည့်စစ်ဆေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာတစ်ဝန်းက အကြောင်းအရာစစ်ဆေးရေးအဖွဲ့က Facebook Platform ပေါ်မှာ သတင်းအမှားများနှင့်ပုံမှန်မဟုတ်သော အပြုအမူများအပါအဝင် လူမှုကွန်ရက်ကို အလွဲသုံးစားလုပ်နေမှုများကို ရှာဖွေစစ်ဆေးပြီး ဖယ်ရှားနေပါတယ်''ဟု Mr. Nathaniel Gleicher (Facebook Head of Cyber security Policy)ကပြောကြားခပါသည်။ မြန်မာဘာသာစကားဖြင့် Facebook လူမှုကွန်ရက်ပေါ်တင်သည့် အကြောင်းအရာများ စစ်ဆေးရေးအဖွဲ့သည် ကမ္ဘာတစ်ဝန်း လူမှုကွန်ရက်ကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရန် စောင့်ကြည့်နေသည့် ကျွမ်းကျင်သူပေါင်း ၃၀,၀၀၀ ကျော်ပါဝင်သည့် အဖွဲ့အစည်းကြီး၏ အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။

၁၄။ ၂၀၁၈ ခုနှစ်အတွင်း Facebook Platform တွင် မူဝါဒချိုးဖောက်သည့်အကြောင်းအရာများကို Facebook က အလိုအလျောက် ဖယ်ရှားပေးနိုင်သော နည်းပညာပိုင်းဆိုင်ရာ အဆင့်မြှင့်

---

[15] ကြည်နိုင်၊ သတင်းအတု၊ သတင်းမှားများနှင့် သတင်းခိုးကူးနေသည့် အွန်လိုင်းဝက်ဘ်ဆိုက်များ၊ ဆိုရှယ်မီဒီယာပေ့ချ်စာရင်းများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယအကြိမ်ကြေညာ၊ (၁၅-၈-၂၀၁၉) ၊ available from: https://news-eleven.com/article/128566,[accessed 7 September, 2019]

[16] ထက်အာကာကျော်၊ သတင်းတုများ၏ အန္တရာယ်ကို လျှော့ချရန် မဟာဗျူဟာမူဘောင်လေးရပ် အာဆီယံဝန်ကြီးများချမှတ်၊(၁၁-၅-၂၀၁၈) available from: https://tinyurl.com/tj9fzws [accessed 7 September, 2019]

တင်မှုများအတွက် ရင်းနှီးမြှုပ်နှံမှုအပြောင်းအလဲများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအတွင်း Facebook သည် ပုံမှန်မဟုတ်သည့် စုပေါင်းလှုံ့ဆော်မှုများ ပြုလုပ်နေသည်ဟု ယူဆသော အကောင့် ၈၉ ခု၊ စာမျက်နှာ ၁၀၇ ခု၊ အသင်းအဖွဲ့ ၁၅ ခုနှင့် Instagram အကောင့် ၅ ခုကို ဖယ်ရှားခဲ့ပါသည်။ ၂၀၁၈ နှစ်၊ ဒီဇင်ဘာလအတွင်းတွင် အမုန်းစကားပြန့်ပွားစေသော အကြောင်းအရာပေါင်း ၅၇,၀၀၀ နီးပါးကို ဖယ်ရှားခဲ့ပြီး အကြောင်းအရာပေါင်း ၆၈ ရာခိုင်နှုန်းကို အသုံးပြုသူများ report မတင်ခင် Facebook ကစစ်ဆေးတွေ့ရှိခဲ့ကြောင်း Facebook က ထုတ်ပြန်ထားပါသည်။[17]

## လူမှုကွန်ယက်၏အားနည်းချက်များ

၁၅။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းအသုံးပြုမှုများလာသည်နှင့်အမျှ အင်တာနက်အသုံးပြုမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာနေပါသည်။ အင်တာနက်အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Social Media အသုံးပြုမှုကလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာနေပါသည်။ မြန်မာနိုင်ငံတွင် လူသုံးအများဆုံး Social Media များဖြစ်သည့် Facebook, Whatsapp, Twitter အပါအဝင် သတင်းအချက်အလက်များကို တင်ပေးသည့်သူများနှင့်ရယူသူများအကြား ကြားခံအဖြစ်အသုံးပြုသည့် Digital Platform ပေါ်က Application များ၊ Website များ စသည်ဖြင့်အားလုံးအကျုံးဝင်ပါသည်။

၁၆။ Digital ခေတ်ကို လျင်လျင်မြန်မြန်ကူးပြောင်းနေသည့်အတွက် လူတိုင်းသည် နေ့တိုင်းနီးပါး သတင်းအချက်အလက်များကို ပုံစံမျိုးစုံနဲ့လက်ခံရယူနေကြပါသည်။ အင်တာနက် အခြေခံပြီး သတင်းအချက်အလက်များကို လက်ခံရယူကြသကဲ့သို့ Print Media, Broadcast Media များ FM ရေဒီယိုများမှလည်း သတင်းအချက်အလက်များကို နေ့စဉ်ရယူနေကြပါသည်။

၁၇။ လက်ရှိတွင် မြန်မာနိုင်ငံ၏ လူမှုကွန်ရက် အသုံးပြုမှုသိပ်သည်းဆသည် နှစ်စဉ်တိုးတက်လာပါသည်။ Social Media အသုံးပြုမှု တိုးတက်လာသည်နှင့်အမျှ ကောင်းကျိုးနှင့်ဆိုးကျိုး ဒွန်တွဲလာနေပါသည်။ အထူးသဖြင့် လူသားများ ပိုမိုစွဲလမ်းလေ့ရှိသည့် Social Media များပေါ်က သတင်းတု၊ သတင်းမှားများကြောင့် လူမှုပတ်ဝန်းကျင်၊ ဘာသာရေး၊ လူမျိုးရေးနှင့်နိုင်ငံရေးများကို ဆိုးကျိုးများ သက်ရောက်စေခဲ့သည့် သာဓကများက ကမ္ဘာပေါ်မှာ အများအပြားရှိနေကြပြီဖြစ်သကဲ့သို့ Digital အသိပညာအားနည်းသည့် မြန်မာနိုင်ငံလူမှုကွန်ရက်သုံးစွဲသူများအကြားတွင်

[17] စောရည်နန္ဒာ၊ ဖေ့စ်ဘွတ်ခ်ပို့စ်များ စစ်ဆေးရန် မြန်မာဝန်ထမ်း ၁၀၀ နီးပါး ခန့်အပ်ထား၊ (၂၉-၈-၂၀၁၉)၊ available from: https://myanmar.mmtimes.com/news/127640.html?fbclid=IwAR2kkC5muGkDity_uFembWf95xDGK15aBlkPX6ADpT3ZyIqAd0pdE4-mm_o,[accessed 7 September, 2019]

လည်း အလားတူပြဿနာများဖြစ်ပေါ်ရန် အခွင့်အလမ်းများ အလွန်လွယ်ကူနေခြင်းသည် ဒီဂျစ်တယ် ပြောင်းလဲတိုးတက်မှု၏ ဆိုးကျိုးတစ်ခုလည်း ဖြစ်ပါသည်။[18]

## ဂျာမနီနိုင်ငံ၌ ပြဋ္ဌာန်းခဲ့သောကွန်ရက်များစောင့်ကြည့်ထိန်းမတ်ရေးဥပဒေ(နက်စ်ဒေဂေ)

၁၈။ ဂျာမနီနိုင်ငံ၌ Social Network Site များကိုဥပဒေဖြင့် ကြီးကြပ်စောင့်ကြည့်မည့် ဥပဒေ ပြဋ္ဌာန်းမည့်ကိစ္စသည် သတင်းတုများနှင့်လူမျိုးရေးခွဲခြားသော ရေးသားမှုများ ပေါ်ပေါက်ခဲ့ခြင်း ကြောင့် ထွက်ပေါ်လာခြင်းဖြစ်ပါသည်။[19] ဂျာမနီနိုင်ငံ ပါလီမန်သည် ၂၀၁၇ ခုနှစ်၊ ဇွန်လတွင် သတင်းဌာနများ၏ ထုတ်လွှင့်မှုများတွင် ပါဝင်နေသော အမုန်းများစေသောပြောဆိုမှုများ၊ ရာဇဝတ်မှု နှင့်ပတ်သက်နေသောအချက်များ၊ သတင်းတုများနှင့်ပတ်သက်သော ကွန်ရက်များ စောင့်ကြည့် ထိန်းမတ်ရေးဥပဒေကြမ်း(နက်စ်ဒေဂေ)ကို အတည်ပြုခဲ့ပြီး[20] ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ အစောပိုင်းတွင် စတင်သက်ရောက်ခဲ့သည်။ နက်စ်ဒေဂေအတွက် လူမှုမီဒီယာများအား ၂၀၁၇ ခုနှစ် အကုန်ပိုင်း နောက်ဆုံးထားပြီး ပြင်ဆင်ခွင့်ပေးခဲ့ပါသည်။[21]

၁၉။ ယင်းဥပဒေအရ လူမှုရေးဆိုင်ရာသတင်းဌာန ကုမ္ပဏီများသည် ၎င်းတို့၏ သတင်းထုတ် လွှင့်မှုများတွင် ပါဝင်နေသော တရားမဝင်သတင်းများကို ဖယ်ရှားရန် ပျက်ကွက်ပါက ဒါဏ်ငွေ အဖြစ် ယူရို ၅၀ သန်း ပြစ်ဒဏ်ကျခံရနိုင်ပါသည်။[22] ဥပဒေအရ သတင်းကွန်ရက်များသည် ဥပဒေချိုးဖောက်ထားသော အကြောင်းအရာများရှိနေကြောင်း သတိပေးထားပြီး ၂၄ နာရီ အတွင်း ယင်းအကြောင်းအရာများကို ဖယ်ရှားပစ်ရမည်ဖြစ်ပါသည်။ အသုံးပြုသူ နှစ်သန်းကျော်ရှိသော Social Media များနှင့် Media Site များသည် ယင်းဥပဒေအရ အကျုံးဝင်မည်ဖြစ်သည်။ ဥပဒေအရ Facebook, Twitter နှင့် Youtube တို့ကိုအဓိကထားသော်လည်း Reddit နှင့်ရုရှား social network VK တို့အပေါ်လည်း ဥပဒေသက်ရောက်မှုရှိမည် ဖြစ်ပါသည်။ [23]

၂၀။ ဂျာမနီတရားရေးဝန်ကြီးဌာနက “ဂျာမနီရှိ နာမည်ကျော်လူမှုမီဒီယာကုမ္ပဏီများမှ တစ်ဆင့် သတင်းတုများနှင့်လူမျိုးရေးခွဲခြားသောအကြောင်းအရာများကို ဖြန့်ချီမှုများရှိခဲ့ပါသည်။ နက်စ်ဒေဂေ

[18] ဉာဏ်ဝင်းရှိန်၊ တရားဝင်သတင်းဌာနတွေကိုပါ ခြိမ်းခြောက်လာတဲ့ လူမှုကွန်ရက်ပေါ်က သတင်းတု ပြဿနာ၊ (၇-၇-၂၀၁၉)၊ available from: https://news-eleven.com/article/121536,[accessed 22 September, 2019]

[19] လူမှုကွန်ယက်များပေါ်က အမုန်းစကားနှင့် သတင်းတုများကိုနှိမ်နင်းမည့်ဥပဒေစတင်ရန် ဂျာမန်တို့ပြင်ဆင်၊(၁-၁-၂၀၁၈)၊ available from: http://thevoicemyanmar.com/news/15535-lmk,[accessed 22 September, 2019]

[20] Theguardian၊ Germany approves plans to fine social media firms up to €50m၊ (၃၀-၆-၂၀၁၇)၊ available from: https://www.theguardian.com/media/2017/jun/30/germany-approves-plans-to-fine-social-media-firms-up-to-50m,[accessed 22 September, 2019]

[21] အေပီ၊ လူမှုမီဒီယာများရှိ အမုန်းတရားပွားများစေမည့် ရေးသားမှုများဖယ်ရှားရန် ဂျာမနီအစိုးရကြိုးစား၊ (၂-၁-၂၀၁၈)၊ available from: https://myanmar.mmtimes.com/news/105472.html,[accessed 22 September, 2019]

[22] Theguardian၊ Germany approves plans to fine social media firms up to €50m(၃၀-၆-၂၀၁၇)၊ available from: https://www.theguardian.com/media/2017/jun/30/germany-approves-plans-to-fine-social-media-firms-up-to-50m,[accessed 22 September, 2019]

[23] အေပီ၊ လူမှုမီဒီယာများရှိ အမုန်းတရားပွားများစေမည့် ရေးသားမှုများဖယ်ရှားရန် ဂျာမနီအစိုးရကြိုးစား၊ (၂-၁-၂၀၁၈)၊available from: https://myanmar.mmtimes.com/news/105472.html,[accessed 22 September, 2019]

ကို ချိုးဖောက်မှုများရှိပါက နိုင်ငံသားများက တိုင်ကြားနိုင်ရေးအတွက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ၎င်း၏ Website တွင် အဆိုပါဥပဒေနှင့်ပတ်သက်၍ သိရှိနိုင်သည့် အချက်အလက်များ သာမက ဂျာမန်နိုင်ငံသားများအနေနှင့် တရားမဝင်သောပို့စ်များကိုတွေ့ရှိပါက တိုင်တန်းနိုင်သည့်ပုံစံများကို ပါ ဖော်ပြထားမည်ဖြစ်ကြောင်း၊ လူမှုကွန်ယက်များက အမုန်းစကားနှင့်တရားမဝင် သောပို့စ်များ ကိုလျင်မြန်စွာဖယ်ရှားနိုင်အောင်လုပ်ဆောင်ရမည်ဆိုရာ၌ ယင်းပို့စ်များနှင့်ပတ်သက်၍ တိကျခိုင်မာ သောတိုင်တန်းမှုများကို စနစ်တကျဦးစွာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ယင်းပို့စ်များကို လူမှုကွန်ယက်ကိုင်တွယ်သူ အမှုထမ်းများအနေနှင့် အမြန်ဆုံးသိရှိနိုင်မည်ဖြစ်ကြောင်း”ပြောကြား ခဲ့ပါသည်။ သတင်းတုများဖယ်ရှားရေးအတွက် Facebook သည် ဂျာမနီရုံးခွဲတွင် ဝန်ထမ်းရာပေါင်း များစွာကို ခန့်ထားလိုက်ပြီဖြစ်ပါသည်။

၂၁။ အဆိုပါဥပဒေသည် ဂျာမန်ပြည်သူများအကြား အငြင်းပွားဖွယ်ဖြစ်နေပြီး အချို့ကမူ ယင်း ကိစ္စသည် ဆင်ဆာတည်းဖြတ်မှု သို့မဟုတ် လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုအပေါ် ထိခိုက်သည် ဟုဆိုကြပါသည်။ ထို့ပြင် ယင်းဥပဒေသည် လူမှုကွန်ယက်များတည်ထောင်သည့် လုပ်ငန်းများ ကိုထိန်းချုပ်ရန် ကမ္ဘာ့အစိုးရများနည်းမျိုးစုံဖြင့်ကြိုးပမ်းမှုများ၌ အထူးခြားဆုံးနှင့်အထိရောက်ဆုံး သာဓက တစ်ခုဖြစ်သည်ဟုလေ့လာစောင့်ကြည့်သူများကဆိုကြပါသည်။[24] ဝေဖန်သူများက ထိုသို့ အတည်ပြုလိုက်ခြင်းသည် လေလှိုင်းပေါ်တွင် လွတ်လပ်စွာပြောဆိုမှုများကို ဆိုးဝါးစွာ အကျိုး သက်ရောက်စေလိမ့်မည်ဟုသတိပေးပြောကြားလိုက်ပါသည်။[25]

## စင်ကာပူနိုင်ငံ၌ပြဋ္ဌာန်းခဲ့သော မမှန်ကန်သောသတင်းများကိုလေလှိုင်းပေါ်မှထုတ်လွှင့်ခြင်း ဖြင့် ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုမှကာကွယ်ရေး ဥပဒေကြမ်း

၂၂။ နိုင်ငံများစွာတွင် သတင်းတုတိုက်ဖျက်ရေးဥပဒေများရှိနေပြီး စင်ကာပူသည် ယင်းဥပဒေ နှင့်ပတ်သက်၍ နှစ်နှစ်တိုင်တိုင် ဆွေးနွေးခဲ့ရပြီးမှ အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ စင်ကာပူ ၏မီဒီယာစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဝေဖန်မှုများရှိနေသော်လည်း အစိုးရက စင်ကာပူနိုင်ငံသား များအတွက် လုပ်ဆောင်ပေးခဲ့သည့် အကျိုးကျေးဇူးများရှိခဲ့ပါသည်။[26] စင်ကာပူလွှတ်တော်သည် မမှန်ကန်သောသတင်းများကို လေလှိုင်းပေါ်မှထုတ်လွှင့်ခြင်းဖြင့် ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုမှ ကာကွယ်ရေးဥပဒေကြမ်း(The Protection from Online Falsehoods and Manipulation bill)

[24] လူမှုကွန်ယက်များပေါ်က အမုန်းစကားနှင့် သတင်းတုများကိုနှိမ်နင်းမည့်ဥပဒေစတင်ရန် ဂျာမန်တို့ပြင်ဆင်၊ available from: http://thevoicemyanmar.com/news/15535-lmk,[accessed 22 September, 2019]

[25] Theguardian ၊ Germany approves plans to fine social media firms up to €50m(၃၀-၆-၂၀၁၇)၊ available from: https://www.theguardian.com/media/2017/jun/30/germany-approves-plans-to-fine-social-media-firms-up-to-50m,[accessed 22 September, 2019]

[26]အေပီ၊ သတင်းတုတိုက်ဖျက်ရေးဥပဒေ စင်ကာပူလွှတ်တော် အတည်ပြု၊ မြန်မာတိုင်းမ်နေ့စဉ်၊ available from: https://myanmar.mmtimes.com/news/122979.html 09 MAY 2019,[accessed 1 October, 2019]

ကို ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့တွင်အတည်ပြုခဲ့ပါသည်။ ယင်းဥပဒေအရ လေလှိုင်းပေါ်မှ သတင်းဌာနများသည် အစိုးရမှ မှားယွင်းသည်ဟု ယူဆသောသတင်းများကို ပြင်ဆင်ချက် ထုတ်ပြန်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကိုလုပ်ဆောင်ရမည်ဖြစ်ပါသည်။ မလိုက်နာပါက ထောင်ဒဏ် (၁၀) နှစ်အထိ ပြစ်ဒဏ်ချမှတ်နိုင်ပါသည် သို့မဟုတ် ဒဏ်ငွေကို စင်ကာပူဒေါ်လာ (၁) သန်း (US$ 735000) ထိချမှတ်နိုင်ပါသည်။[27]

(က) **လွှတ်တော်တွင်အတည်ပြုခြင်း။** မမှန်ကန်သောသတင်းကိုလေလှိုင်းပေါ်မှထုတ်လွှင့်ခြင်းဖြင့် ကြိုးကိုင်ခြယ်လှယ်ရန် ကြိုးပမ်းမှုမှကာကွယ်ရေး ဥပဒေကြမ်းကို လွှတ်တော်တွင်း မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၇၂ မဲ၊ ကန့်ကွက်မဲ ၉ မဲ၊ ပျက်ကွက်မဲ သုံးမဲဖြင့် အတည်ပြုခဲ့ကြပါသည်။[28]

ယင်းဥပဒေသည် လွတ်လပ်စွာပြောဆိုခွင့်ကို ထိခိုက်စေလိမ့်မည် မဟုတ်ပါ။ ယင်းဥပဒေသည် မမှန်ကန်သော သတင်းထုတ်လွှင့်မှုများ၊ သတင်း တစ်ခုကို အကြိမ်ကြိမ်အဖန်ဖန် ထုတ်လွှင့်ဖြန့်ချီနေမှုများ(bots)၊ ကွဲပြားသောအမြင်များ၊ ရန်လိုသောအမြင်များဖြစ်ပေါ်စေရန်အတွက်လှုံ့ဆော်သည့်ထုတ်လွှင့်မှုများ(Trolls) နှင့် Facebook လိပ်စာအတုများကို ကိုင်တွယ်ဖြေရှင်းနိုင်စေရန်သာ ရည်ရွယ်သော ဥပဒေတစ်ရပ် ဖြစ်ပါသည်။[29] ဒီမိုကရေစီကျင့်သုံးသော လူမှုအသိုက်အဝန်း တစ်ခုတွင်အရေးကြီးဆုံးမှာ ထိုလူမှုအသိုက်အဝန်းတွင်ပါဝင်သောပြည်သူများသည် သတင်းမှန်များရရှိကြရန်နှင့် သတင်းအမှားများမရကြရန် ရည်ရွယ်သော ဥပဒေ တစ်ရပ်ဖြစ်ပါသည်။(Shanmugam(ဥပဒေရေးရာဝန်ကြီး)၏လွှတ်တော်၌ရှင်းလင်းပြောကြားချက်)

**(ခ) စင်ကာပူအစိုးရ၏ဖြေရှင်းချက်။** စင်ကာပူနိုင်ငံအစိုးရသည် ယင်းဥပဒေကို မတူကွဲပြားသော သဘောထားအမြင်များထုတ်လွှင့်ခြင်းကို ပစ်မှတ်ထား ဆောင်ရွက်မည်မဟုတ်ဘဲ အကျိုးအကြောင်း အတည်ပြုနိုင်သည့် မမှန်ကန်သောသတင်းများ ထုတ်လွှင့်မှုကိုသာ ကာကွယ်ရန်ရည်ရွယ်၍ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူမျိုးရေးဆိုင်ရာသွေးကွဲစေရန် လှုံ့ဆော်မှုများ၊ ဘာသာရေးဆိုင်ရာ သွေးကွဲစေရန် လှုံ့ဆော်မှုများ ဖြစ်ပေါ်စေသော သတင်းအတုအယောင်များ ထုတ်လွှင့်လာပါက

[27] The guardian ၊ Singapore fake news law a 'disaster' for freedom of speech, says rights group၊ (9-5-2019) available from: https://www.theguardian.com/world/2019/may/09/singapore-fake-news-law-a-disaster-for-freedom-of-speech-says-rights-group,[accessed 1 October, 2019]

28 Tessa Wong ၊ Singapore fake news law polices chats and online platforms ၊ (9-5-2019) available from: https://www.bbc.com/news/world-asia-48196985,[accessed 1 October, 2019]

[29]theguardian ၊ Singapore fake news law a 'disaster' for freedom of speech, says rights group၊ (9-5-2019) available from: https://www.theguardian.com/world/2019/may/09/singapore-fake-news-law-a-disaster-for-freedom-of-speech-says-rights-group,[accessed 1October, 2019]

ထိုလုပ်ဆောင်မှုများကို ကူးစက်ရောဂါပိုးကဲ့သို့ လျင်မြန်စွာပြန့်နှံ့ခြင်း မရှိစေရန် အတွက် အစိုးရမှ လျင်မြန်စွာတုန့်ပြန်နိုင်သည့် အခွင့်အာဏာရှိထားရန် လိုအပ်ပါသည်။ ယင်းဥပဒေအရ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် အာဏာကို အလွဲသုံးစား မပြုနိုင်စေရန်အတွက် အစိုးရ၏ ထုတ်ပြန်သောအမိန့်များကို တရားရေးဆိုင်ရာမှ ဥပဒေနှင့် ညီ မညီ သုံးသပ်ဆုံးဖြတ်ခွင့်ပြုထားကြောင်း တွေ့ရှိရပါသည်။

(ဂ) **ကိုယ်ရေးကိုယ်တာဆက်သွယ်မှုများကိုကြားဖြတ်နားထောင်နိုင်ခွင့်ရှိနိုင်မည်လား။** ၎င်းဥပဒေအရ အငြင်းပွားဖွယ်ရာဖြစ်နိုင်ဆုံးသောအချက်မှာ ကိုယ်ရေးကိုယ်တာ အတွက် အချင်းချင်းပြောဆိုရန် သုံးစွဲသော အာလာပသလ္လာပပြောသောအဖွဲ့များ၊ လူမှုရေးဆိုင်ရာသတင်းနှီးနှောသည့်အဖွဲ့များနှင့် တစ်ဖက်နှင့်တစ်ဖက်သာ နားလည် နိုင်သည့် ဝှက်စာသွင်းပြောကြားမှုများပေါ်တွင်ကြားဖြတ်နားထောင်နိုင်ခြင်း ရှိ မရှိ ဖြစ်ပါသည်။ အထက်ပါအဖွဲ့များသည် အခြားမသက်ဆိုင်သူများသို့ ဖြန့်ဝေမှုမရှိပဲ ပေးပို့ပြောကြားသူနှင့် လက်ခံနားထောင်သူများအကြားတွင်သာ သိနိုင်သော ဆက် သွယ်မှုများဖြစ်ပါသည်။ အထက်ပါပြောဆိုဆက်သွယ်မှုများသည် ယင်းဥပဒေနှင့် အကျုံးဝင်ပါက စင်ကာပူနိုင်ငံတွင် လွန်စွာအသုံးများသည့် WhatsApp နှင့် Telegram များကိုလည်း ထိခိုက်နိုင်ပါသည်။[30]

(ဃ) **ဝေဖန်မှုများ။** ယင်းဥပဒေကိုပြဌာန်းလိုက်ခြင်းသည်လွတ်လပ်စွာပြောဆိုခွင့်ကို တင်းကြပ်စွာထိန်းချုပ်လိမ့်မည်ဟုလူ့အခွင့်အရေးဆိုင်ရာအဖွဲ့များ၊ သတင်းသမား များ၊ နည်းပညာဆိုင်ရာကုမ္ပဏီများက ဝေဖန်ပြောကြားခဲ့ပါသည်။ ဥပဒေအရ အစိုးရ ဝန်ကြီးများသည် မည်သည့်သတင်းက သတင်းမှားဖြစ်သည်နှင့် မည်သည့်သတင်းက အများပြည်သူ၏ အကျိုးစီးပွားဖြစ်သည်ကို ဆုံးဖြတ်ခွင့်ရရှိမည်ဖြစ်သောကြောင့် လုပ်ပိုင်ခွင့်ကို လိုအပ်သည်ထက် အပ်နှင်းခြင်းဖြစ်ကြောင်း ယင်းဥပဒေကို ဆန့်ကျင်သူ များက ပြောဆိုခဲ့ပါသည်။ ဥပဒေသည် သာမန်စင်ကာပူနိုင်ငံသားများ၏ Online ရေးသား ဖော်ပြမှုများအတွက် ကပ်ဘေးဖြစ်ပြီး လွတ်လပ်သော Online သတင်း Site များအတွက် ထိုးနှက်ချက်လည်းဖြစ်ကြောင်း၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ ၏ အာရှဆိုင်ရာ လက်ထောက်ဒါရိုက်တာ ဖီ ရောဘတ်ဆင် က ပြောကြားခဲ့ပါသည်။[31]

---

[30] Tessa Wong၊ Singapore fake news law polices chats and online platforms၊ (9-5-2019)၊ available from: https://www.bbc.com/news/world-asia-48196985,[accessed 1 October, 2019]

[31] အေပီ၊ သတင်းတုတိုက်ဖျက်ရေးဥပဒေ စင်ကာပူလွှတ်တော် အတည်ပြု (၉-၅-၂၀၁၉) available from: https://myanmar.mmtimes.com/news/122979.html[accessed 1 October, 2019]

(င) **World Press Freedom Index။** သတင်းလွတ်လပ်ခွင့်ကိုမြှင့်တင်နေသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့် သတင်းထောက်များအဖွဲ့မှထုတ်ပြန်သည့် ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ်ဖြန့်ချီရေး လွတ်လပ်မှုညွှန်းကိန်း(World Press Freedom Index)တွင် နိုင်ငံပေါင်း (၁၈၀) နိုင်ငံတွင် အဆင့် (၁၅၁) ရှိပါသည်။ ထိုအဆင့်သည် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ထက် နိမ့်ကျသောအဆင့် ဖြစ်ပါသည်။

၂၃။ ချမ်းသာကြွယ်ဝပြီး မြို့ပြနိုင်ငံငယ်တစ်ခုဖြစ်သောစင်ကာပူနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဈေးကွက်၏ အချက်အချာနေရာဖြစ်ခြင်း၊ ဘာသာပေါင်းစုံနှင့်လူမျိုးပေါင်းစုံနေထိုင်ရာ နေရာဖြစ်ခြင်း၊ အင်တာနက်ကိုကျယ်ပြန့်စွာအသုံးပြုနေကြခြင်းတို့ကြောင့်သတင်းအတုအယောင်များ လွယ်ကူစွာထုတ်လွှင့်ဖြန့်ချီနိုင်ရန်အတွက်ပစ်မှတ်ကောင်းတစ်ခုဖြစ်လျက်ရှိနေပါသည်။[32]

## အင်ဒိုနီးရှားနိုင်ငံတွင် Fake News များကို ကာကွယ်တားဆီးမှုများ

၂၄။ အင်ဒိုနီးရှားနိုင်ငံတွင် အစိုးရ၊ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ Fake News များ လူမှုအသိုင်းအဝန်းတွင် မပြန့်ပွားစေရေး ဆောင်ရွက်လျက်ရှိပါသည်။ Fake News များအား ကာကွယ်တားဆီးရန်အတွက် အင်ဒိုနီးရှားနိုင်ငံတွင် အစိုးရမှ Digital ကုမ္ပဏီကြီးများအား စောင့်ကြည့်ဆောင်ရွက်ရေး သဘောတူညီချက် ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။[33]

၂၅။ လန်ဒန်အခြေစိုက် We Are Social အေဂျင်စီနှင့် လူမှုမီဒီယာစီမံခန့်ခွဲရေးအဖွဲ့ Hootsuite တို့၏အချက်အလက်များအရ အင်ဒိုနီးရှားတွင် လူဦးရေစုစုပေါင်း၏ထက်ဝက်ခန့်ရှိသော လူဦးရေ သန်း ၁၃၀ ခန့်က လူမှုမီဒီယာအား အသုံးပြုမှုသည် နေ့စဉ်ပျမ်းမျှ သုံးနာရီခွဲနီးပါးရှိရာ ကမ္ဘာတွင် အသုံးပြုမှု အမြင့်ဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

၂၆။ အင်ဒိုနီးရှားတွင် အင်တာနက်၌ လိမ့်လုံးများနှင့် သတင်းအချက်အလက်အလွဲများ ဖြန့်ချိမှုများသည် မြို့တော်ဂျကာတာအုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲကာလဖြစ်သော ၂၀၁၆ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၇ ခုနှစ် အစောပိုင်းတို့၌ အရှိန်အမြင့်ဆုံးသို့ ရောက်ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် သမ္မတရွေးကောက်ပွဲများ မကျင်းပမီ အင်ဒိုနီးရှားအစိုးရသည် သတင်းတုများနှင့် Online ၌ အမုန်းစကားဖြန့်ချီမှုလှိုင်းလုံးများကိုတွန်းလှန်နေရပါသည်။ ကွန်ဆာဗေးတစ်အဖွဲ့များက လိမ်ညာမှုများအား ဖြန့်ချီရန်နှင့် လူနည်းစုများ ပစ်မှတ်ထားရန်အတွက် လူမှုမီဒီယာကို အလွဲသုံးမှုများရှိနေပြီး

---

[32] Tessa Wong၊ Singapore fake news law polices chats and online platforms၊ (9-5-2019)၊ available from: https://www.bbc.com/news/world-asia-48196985[accessed 1 October, 2019]

[33] The 9 th International Seminar for Parliamentary Research Services၊ November 6 – 8, 2018၊ National Assembly Research Service Seoul, Republic of Korea[accessed 2 October, 2019]

စမ်းသပ်ခံရမှုများ မကြာခဏ ကြုံတွေ့ရသည့်အတွေ့အကြုံများကြောင့် လူမျိုးစုံနေထိုင်သည့် အင်ဒိုနီးရှား နိုင်ငံအတွက် Fake News များအား သည်းခံကာကွယ်နေရသည့် ခံတပ်သဖွယ်ဖြစ်နေပါသည်။[34]

## တောင်ကိုရီးယားနိုင်ငံတွင်Fake News များ ကိုကာကွယ်တားဆီးမှုများ

၂၇။ တောင်ကိုရီးယားနိုင်ငံတွင် Fake News များပြန့်နှံနေမှုအား ပြဿနာဖြေရှင်း ဖော်ထုတ်ရာတွင်လိုက်နာရမည့် စည်းကမ်းနည်းစနစ်များအသုံးပြု၍ Website and social media များကို Google,Yahoo ကဲ့သို့သော Search Engine များဖြင့် ရှာဖွေဆောင်ရွက်နေမှုကို တွေ့ရှိရပါသည်။ ၎င်းမှာ သတင်းအမှားဖြန့်ဝေသူများသည် မကြာခဏ ဖြစ်ပေါ်လာမည့် အကျိုးဆက်ကို ဂရုမစိုက်ဘဲမှားယွင်းသောသတင်းအချက်အလက်များကို ဖြန့်ဝေခြင်း၊ ပြည်သူလူထုကို ကြိုးကိုင်ချယ်လှယ်ရန် လုပ်ဆောင်ခြင်းတို့အား လုပ်ဆောင်နေသောကြောင့်ဖြစ်ပါသည်။

၂၈။ Fake News များပြန့်နှံ့ခြင်းကို ကာကွယ်သည့် ဥပဒေများထုတ်ပြန်ခြင်း၊ Fake News ဖြန့်ဝေသည့် ပြစ်ဒဏ်များကို တိုးမြှင့်သတ်မှတ်ခြင်း၊ Facebook ကဲ့သို့သတင်းမီဒီယာကို စောင့်ကြည့်၍ Fake News ဖြန့်ဝေသော Post များကိုဖယ်ရှားခြင်း၊ သတင်းမှားများကို ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်များကိုအရေးယူခြင်း၊ ရွေးကောက်ပွဲကာလတွင်သတင်းအမှားများ မဖြန့်ချီနိုင်စေရန် အရှိန်တိုးမြှင့်ဆောင်ရွက်ခြင်း၊ သတင်းမီဒီယာနှင့် ပတ်သက်၍ အသိပညာတိုးပွားစေရန် ကျောင်းများတွင် ထည့်သွင်းဆောင်ရွက်စေခြင်းတို့အား ဆောင်ရွက်နေပါသည်။

၂၉။ နည်းပညာ၏လွှမ်းကဲမှုမှာ လူမှုကွန်ယက်များသည်သတင်းအချက်အလက်များကို အကန့်အသတ်မရှိသော အရေအတွက်ဖြင့် နယ်နမိတ်များအားလုံးကို အလျှင်အမြန် ဖြန့်ဝေနိုင်ခြင်းဖြင့် Slot Machine ကဲ့သို့ နေရာစုံ၊ ဒေသစုံရှိ ပြည်သူလူထုထံရောက်ရှိသွားပါသည်။ ထို့ကြောင့် လူမှုကွန်ယက်များတွင် သတင်းအချက်အလက်အသစ်များကို ပြည်သူများထံသို့ တိကျမှန်ကန်စွာ ပြန့်နှံ့ရောက်ရှိအောင် ဆောင်ရွက်ရန် လိုအပ်ပါသည်။

၃၀။ Fake News များနှင့်ပတ်သက်၍ တောင်ကိုးရီးယားနိုင်ငံတွင် အောက်ပါ ကန့်သတ်ချက်များရှိကြောင်း သိရပါသည်-

(က) ဒီမိုကရေစီနိုင်ငံဖြစ်သည့်အတွက် လွတ်လပ်စွာပြောဆိုခွင့်ရှိခြင်း၊

(ခ) ဒီဂျစ်တယ်နည်းပညာဖြစ်သည့်အတွက် ထိန်းချုပ်ရန်ခက်ခဲခြင်း၊

(ဂ) ပွင့်လင်းမြင်သာမှုရှိခြင်း၊

(ဃ) နည်းပညာကုမ္ပဏီများနှင့်ပတ်သက်၍လည်း ထည့်သွင်းစဉ်းစားရခြင်း၊

---

[34] Eleven Media Group ၊ သမ္မတရွေးကောက်ပွဲ နီးကပ်လာနေစဉ် အင်ဒိုနီးရှားက သတင်းတုများနှင့် အွန်လိုင်း၌ အမုန်းစကားဖြန့်ချိမှုများအား တိုက်ဖျက်နေရ၊ (18-3-2018)၊ available from: https://news-eleven.com/international/44218 [accessed 2 October, 2019]

(င) ပြည်သူတစ်ဦးချင်း NGO အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အခြားသောအဖွဲ့အစည်းများအခြားသောနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ခြင်း။[35]

## သတင်းတု၊ သတင်းမှားကို သိရှိနိုင်မည့် အချက်များ

၃၁။ သတင်းတု၊ သတင်းမှားကို သိရှိနိုင်ရန် အောက်ဖော်ပြပါ အချက် ၁၀ ချက်နဲ့ နှိုင်းယှဉ်သုံးသပ်ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်–

**(က) သတင်း ရင်းမြစ်ကို ဆန်းစစ်ပါ။** သတင်းတစ်ပုဒ်ကို စတင်ဖတ်မိပြီဆိုသည်နှင့် ထိုသတင်းကို ထုတ်ပြန်သည့်ရင်းမြစ်သတင်းဌာနကို ပထမဦးဆုံးဆန်းစစ်ရမည် ဖြစ်ပြီး ထိုသတင်းဌာန၏ နာမည်ကောင်းရှိမှုကိုလည်း ဆန်းစစ်ရမည် ဖြစ်ပါသည်။ ထို့အပြင် Website ၏ URL (Uniform Resource Locator)ကို ဆန်းစစ်ရန်လည်းလိုပါသည်။ တခါမှ နာမည်မကြားဘူးသည့် သတင်းဌာနဖြစ်နေလျှင် အဆိုပါသတင်းသည် မမှန်ကန်သော သတင်းဖြစ်ရန် အားသာပါသည်။

**(ခ) သတင်းတပုဒ်က ဆိုက်ဒ် တခုထဲမှာပဲ တင်ထားတာလား။** သတင်းတစ်ပိုဒ်သည် Website တခုထဲမှာပဲရှိနေလျှင် ထိုသတင်းကို ဆန်းစစ်သင့်တယ်ဟု Google မှတာဝန်ရှိသူများက ပြောပါသည်။ ၎င်းသတင်းကို ဆန်းစစ်သည့် နေရာမှာလည်း http://www.snopes.com မှာဆန်းစစ်နိုင်သကဲ့သို့ http://www.factcheck.org မှာလည်း ၎င်းသတင်း မှန် မမှန်ကိုဆန်းစစ်နိုင်ပါသည်။ သတင်းထဲတွင် ပါဝင်သည့် အချက်အလက်များသည် တနေရာထဲမှလာလျှင် အလွန်သတိထားသင့်ပါသည်။ သတင်းတစ်ပိုဒ်ထဲကို သတင်းဌာန ၂ ခုမှာ ဖော်ပြထားတယ်ဆိုလျှင် သတင်း အစစ်အမှန်ဖြစ်ရန် အလားအလာရှိတယ်ဟု Google ကုမ္ပဏီက နည်းပညာရှင်များက ပြောပါသည်။

**(ဂ) သတင်း၏ ရည်ရွယ်ချက်ကို ဆန်းစစ်ပါ။** သတင်းဌာနများအားလုံးသည် ၎င်းတို့၏ ရှုထောင့်များကို တင်ပြလေ့ရှိ၍ ၎င်း၏နောက်မှာ ဘက်လိုက်မှုများ ရှိပြီး သတင်းတုများဖြစ်ပါက သီးသန့်ရည်ရွယ်ချက် တစ်ခု ရှိနေတတ်ပါသည်။ ထိုသတင်းရေးသားသူ ရည်ရွယ်ချက်က ဘာလဲ၊ လူမှုကွန်ရက်မှာ ဘယ်သူတွေက မျှဝေတာလဲ ဆိုတာကိုပါ ဆန်းစစ်လေ့လာသင့်ပါသည်။

**(ဃ) သတင်းခေါင်းစဉ်တခုတည်း မဖတ်ပါနဲ့။** တချို့သတင်းများမှာရယ်စရာကောင်းသည့် ခေါင်းစဉ်များ၊ စိုးရိမ်စရာကောင်းသည့် သတင်းခေါင်းစဉ်များနှင့် လူများကို

[35] The 9 th International Seminar for Parliamentary Research Services၊ November 6 – 8, 2018၊ National Assembly Research Service Seoul, Republic of Korea[accessed 2 October, 2019]

ဖမ်းစားလေ့ရှိပါသည်။ သတင်းခေါင်းစဉ် တခုတည်းကိုဖတ်ပြီး မိမိ၏ လူမှုကွန်ရက်မှာ ပြန်လည်မျှဝေတာမျိုး မလုပ်ရန်ကိုလည်း ကျွမ်းကျင်သူများက တိုက်တွန်းထားပါသည်။ သတင်းခေါင်းစဉ်အပြင် သတင်းတခုလုံးကို ဖတ်ပါ။ ၎င်း သတင်းသည် လှည့်စားထားသည့် သတင်း သို့မဟုတ် နောက်ပြောင်ထားသည့် သတင်းတစ်ပုဒ် မဖြစ်စေရန် သေချာဆန်းစစ် လေ့လာသင့်ပါသည်။

(င) **ပင်မသတင်း ဌာနတွေမှာ မပါရှိတဲ့ သတင်း။** ပင်မသတင်းဌာနများသည် သတင်းတစ်ခုကိုဖော်ပြရတွင် ဘက်လိုက်မှုများရှိနေသည်ဟုလူတချို့ကထင်တတ်ပါသည်။ သတင်းထဲမှာ ဘက်လိုက်မှုများ ရှိနေသည်ဟု ခံစားရပြီဆိုလျှင်လည်း ၎င်းသတင်းဖြစ်တည်ရာကို အစိုးရ အာဏာပိုင်များက ထုတ်ပြန်သည့်သတင်းဖြင့် တိုက်ဆိုင်စစ်ဆေးရမည် ဖြစ်ပါသည်။ သို့မှသာ သတင်းထဲမှာ ဘက်လိုက်မှုများ ရှိနေသလားဆိုတာကို ဆန်းစစ်နိုင်မှာ ဖြစ်ပါသည်။ ပင်မသတင်းဌာနများမှာ မပါသည့်သတင်းမျိုးဆိုလျှင် သတင်းတု ဖြစ်တတ်ပါသည်။

(စ) **ကိန်းဂဏန်း ရင်းမြစ် မှန် မမှန် စစ်ပါ။** စီးပွားရေးဆိုင်ရာ သတင်းများ ဖတ်သည့်အခါ၊ နိုင်ငံ့တိုးတက်မှု ပုံရိပ် သတင်းများကို ဖတ်သည့်အခါမှာ ကိန်းဂဏန်းများ မှန် မမှန် ကိုသတိထား ဆန်းစစ်ရပါမည်။ ထိုကိန်းဂဏန်း အချက်အလက်များသည် အစိုးရအဖွဲ့အစည်းက ထုတ်ပြန်ထားခြင်း သို့မဟုတ် နိုင်ငံတကာက ယုံကြည်စိတ်ချရသည့်အဖွဲ့အစည်းက ထုတ်ပြန်ထားခြင်းမျိုးသာ ဖြစ်သင့်ပါသည် သို့မဟုတ် လူသိများသည့် စီးပွားရေးကုမ္ပဏီ တစ်ခုက လေ့လာဆန်းစစ်ချက်များ၊ စာရင်းကောက်ယူချက်များ၊ မေးမြန်းတွေ့ရှိချက်များ ဖြစ်သင့်သည်ဟု ကျွမ်းကျင်သူများက ပြောပါသည်။ တခါမှ မကြားဖူး မသိရှိဖူးခြင်း မရှိသည့် ကုမ္ပဏီက ထုတ်ပြန်သော အချက်အလက်များဖြစ်လျှင် ၎င်းသည် သတင်းမှားဖြစ်ရန် ပိုနီးစပ်သည်ဟုလည်း လေ့လာသူများက ပြောပါသည်။

(ဆ) **မရိုးသားသည့်အချက်အလက်ကောက်ယူမှု။** ဆန်းစစ်လေ့လာချက်တွေကို ထုတ်ပြန်သည့် နေရာမှာ လူအရေအတွက် ဘယ်လောက်ကို မေးမြန်းထားသလဲ ဆိုသည့်အပေါ်မှာ မူတည်ပါသည်။ အနည်းဆုံး လူတစ်ထောင်ခန့်ကို မေးမြန်းထုတ်ပြန်တဲ့ အချက်အလက်ကောက်ယူမှုမျိုးကသာ ယုံကြည်ရတဲ့ အဆင့်အတန်းမျိုး ဖြစ်ပါသည်။ သို့သော် ၃ ရာခိုင်နှုန်းခန့်သည် အမှားအယွင်း ရှိနိုင်ပါသည်။

လအနည်းငယ်မျှကိုသာ မေးမြန်းထားသည့်လေ့လာဆန်းစစ်ချက်များသည် ကြုံရာကောက်ချက်ချလိုက်ခြင်းမျိုးဖြစ်ရန် ပိုများပါသည်။

(ဇ) **အချက်အလက်များတိုင်း မှန်တဲ့ သတင်းလား။** ဆန်းစစ်လေ့လာချက်များကို ကြည့်ရာတွင် နောက်ဆုံးရလဒ် ထုတ်ပြန်ချက်ကလည်းအလုံးစုံမမှန်ကန်တတ်ပါ။ ဒေသတခု၏ လူဦးရေအချိုးအစားကို ကိုယ်စား မပြုသည့် ဆန်းစစ်လေ့လာချက်များသည် အမြဲတမ်း မှန်ကန်မှုမျိုး မဟုတ်ပါ။ ဥပမာ ၁၉၃၆ ခုနှစ်က မဂ္ဂဇင်း တစ်စောင်သည် ၂.၄ သန်းရှိသည့် လူဦးရေကို မေးမြန်းပြီး ထုတ်ပြန်သည့် အမေရိကန်၏ ရွေးကောက်ပွဲရလဒ်သည် လုံးဝမှားယွင်းခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် မဂ္ဂဇင်းက အချက်အလက်စစ်တမ်းကောက်ယူရန် ပေးခဲ့သည့် လူများသည် ထိုမဂ္ဂဇင်းကို လစဉ်ရယူနေသည့် အမေရိကန်လူချမ်းသာတစ်စုဆီကိုသာ ရောက်သွား၍ဖြစ်ပါသည်။

(ဈ) **ဆောင်းပါးထဲမှာပါသည့်အချက်အလက်ကိုဆန်းစစ်ပါ။** သတင်းဆောင်းပါးများမှာ အချက်အလက်များ ထည့်သွင်းရေးလေ့ရှိပြီး ထိုအချက်များသည် မှန်ကန်မှု ရှိမရှိကို အမြဲတမ်း လေ့လာ ဆန်းစစ်သင့်ပါသည်။

(ည) **အကြောင်းအရာ ဆက်စပ်မှုကို သုံးသပ်ပါ။** ကိန်းဂဏန်းအချက်အလက်များ ဖော်ပြထားတိုင်းလည်း မှန်ကန်သည့်သတင်းမျိုး မဟုတ်ဟု ကျွမ်းကျင်သူများက ပြောပါသည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၇ ခုနှစ်က တနေရာမှာ ခေါင်းစဉ် တစ်ခုက အင်္ဂလန်ဗဟိုဘဏ်သည် ၁၀ နှစ်အတွင်း ပထမဆုံးအကြိမ် အတိုးနှုန်း တိုးမြှင့်ခဲ့သည် ဟုရေးသားခဲ့ပါသည်။ အမှန်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လကမှ တိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး ကာလတို တစ်လတည်းအတွက် တိုးမြှင့်ခဲ့ခြင်းကြောင့် တကယ့် ဖြစ်ရပ်မှန်နဲ့လုံးဝကွဲလွဲခဲ့ပါတယ်။ ထို့အပြင် တိုးမြှင့်သည့် နှုန်းထားကလည်း ၀.၅ ရာခိုင်နှုန်းတည်းဖြစ်၍ ၎င်းသည် ၁၇ ရာစုက စတင်ရေတွက်မယ်ဆိုလျှင် အနိမ့်ဆုံးအတိုးနှုန်းထားဖြစ်သည်ဟုပြောနိုင်သည်ဟု လေ့လာသူများက သုံးသပ်ခဲ့ပါသည်။[36]

## လွှတ်တော်ကိုယ်စားလှယ်များ၏ ထင်မြင်ချက်

၃၂။ လူမှုကွန်ရက်ကို အသုံးချသည့်အခါမှာ အချိန်နဲ့တစ်ပြေးညီ သိရှိရသည့်အတွက် တချို့လည်း အရမ်းကောင်းကြသော်လည်း တချို့မှာ မိမိ၏ စိတ်ခံစားချက်အတိုင်း ထင်ရာမြင်ရာများ လျှောက်ရေးသည့်အခါ သက်ရောက်မှုများက မကောင်းသည့်ဘက်ကို ရောက်သွားတတ်ပါသည်။[37]

[36] BBC၊ သတင်းတု၊ သတင်းမှား ဘယ်လို ရှောင်ရှားမလဲ၊ ဒါတွေကို ရှောင်ရှား နိုင်ဖို့ တက္ကသိုလ်ဆရာတွေ ပြောပြတဲ့ အချက် ၁၀ ချက်(၁၂-၁၁-၂၀၁၈)၊ available from:https://www.bbc.com/burmese/in-depth-46185230[accessed 5 October, 2019]

[37] ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်(ပုလဲမဲဆန္ဒနယ်)၊ ကုမုဒြာဂျာနယ်၊ မီးလောင်ရာလေပင့်သတင်းမှားသတင်းတုဖြန့်ဝေမှုတွေ ချက်ချင်းရပ်၊ (၁၉-၈-၂၀၁၉)၊ available from:https://www.kumudranews.com/news-34838[accessed 5 October, 2019]

၃၃။ ဤကဲ့သို့ သတင်းမှားများ၊ သတင်းတုများ ထုတ်လွှင့်မှုကြောင့် ပြည်သူအချို့က ထိုအတုများအပေါ် ယုံကြည်လာကြသည်မှာ အစိုးရ၏ဆောင်ရွက်ချက်အားနည်းမှုကလည်း ကဏ္ဍတစ်ခုအနေနှင့်ပါဝင်နေပါသည်။ အထူးသဖြင့် အစိုးရတာဝန်ရှိသူများအနေနှင့် သတင်းကို အချိန်မီ မထုတ်ပြန်နိုင်ခြင်း၊ ဌာနများမှာ ပြောရေးဆိုခွင့်ပေးထားသူများကို တရားဝင်သတင်းဌာနများက ဆက်သွယ်ရခက်ခဲခြင်း စသည့်အချက်များကြောင့်ဖြစ်ပါသည်။ နောက်တစ်ခုက တခြားနိုင်ငံများမှာ ဤကဲ့သို့ သတင်းတု၊ သတင်းမှားများကို ချင့်ချိန်ပြီးမှ ယုံကြည်ကြသည့်သူ များသော်လည်း မြန်မာနိုင်ငံမှာ ဤကဲ့သို့ ချင့်ချိန်ပြီးမှ ယုံကြည်ကြသည့်သူ နည်းနေဆဲဖြစ်ပါသည်။ [38]

## ပညာရှင်၏ ထင်မြင်ချက်

၃၄။ ဤကဲ့သို့ ဆိုရှယ်မီဒီယာကို အသုံးပြုပြီး အများပြည်သူကို ထိတ်လန့်စေအောင် မမှန်မကန်ပြုလုပ်သည့်သူ သို့မဟုတ် အဖွဲ့အစည်းကို ဖော်ထုတ်နိုင်ရင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ မှာ ပါဝင်သည့်အချက်များနှင့်အကျုံးဝင်သည်ဟုဆိုထားပါသည်။ ပုဒ်မ ၆၆ မှာလူတစ်ယောက်၏ သိက္ခာကို လျှော့ပါးအောင်လုပ်ခြင်းသာမက အင်တာနက်ကို အသုံးချပြီး ပြည်သူများအပေါ် စိုးရိမ်ထိတ်လန့်မှုဖြစ်အောင် ခြောက်လန့်မှုအားလုံးက ဆက်သွယ်ရေးဥပဒေအရ အကျုံးဝင်ပါသည်။ သတင်းတု၊ သတင်းမှားများကို အွန်လိုင်းပေါ်လွှင့်တင်ကြခြင်းနှင့်ပတ်သက်ပြီး ပြည်သူလူထုအချင်းချင်း ထိန်းသွားရင် ပို၍ ကောင်းသွားပါ မည်။[39]

## ဆောင်းပါးရှင်၏ ထင်မြင်ချက်

၃၅။ စာရေးဆရာ မိုးယံခ၏အမြင်ကိုလည်းဖော်ပြအပ်ပါသည်။ “မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ထိပ်ဆုံး ဟုတ်၊ မဟုတ် မသေချာသော်လည်း ထိပ်တန်းစာရင်းတွင်တော့ ပါနေနိုင်သည်။ မြန်မာနိုင်ငံရှိ လူမှုကွန်ရက်စာမျက်နှာ အထူးသဖြင့် Facebook စာမျက်နှာပေါ်တွင် သတင်းတုများ ဒုနှင့်ဒေးပါသည်။ အချက်အလက်လွဲမှားစွာဖြင့် ရည်ရွယ်ချက်ရှိရှိရေးသားထားသော သတင်းများလည်းရှိပါသည်။ သတင်းအမှားများကို အမှန်တရားပါးပါးဖြင့် ဖုံးအုပ်ရေးထားသည်များလည်း ရှိပါသည်။ သတင်းတုများ၊ မဟုတ်မမှန် လိုရာဆွဲရေး သတင်းများကို ဝါဒဖြန့်ချိရေး၊ လှုံ့ဆော်ရေး၊ နိုင်ငံရေးအရ တိုက်ခိုက်ရေးနှင့် အမုန်းတရားဖြန့်ချိရေးတို့တွင် အများဆုံးအသုံးပြုကြပါသည်။ အချို့သတင်းတုများမှာ အပြောင်အပျက် ရေးသားသည့်သဘော ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်

[38] ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်) ကုမုဒြာဂျာနယ်၊ မီးလောင်ရာလေပင့်သတင်းမှားသတင်းတုဖြန့်ဝေမှုတွေ ချက်ချင်းရပ်၊ (၁၉-၈-၂၀၁၉) ၊ available from:https://www.kumudranews.com/news-34838[accessed 5 October, 2019]

[39] တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ဇော်၊ ကုမုဒြာဂျာနယ်၊ မီးလောင်ရာလေပင့်သတင်းမှားသတင်းတုဖြန့်ဝေမှုတွေ ချက်ချင်းရပ်၊ (၁၉-၈-၂၀၁၉) ၊ available from:https://www.kumudranews.com/news-34838[accessed 5 October, 2019]

သတင်းတု၊ မဟုတ်မမှန်လုပ်ကြံသတင်းဖန်တီးမှုသည် ၁၉၆၂ ခုနှစ် နောက်ပိုင်းကာလတွင် စစ်အစိုးရအာဏာသိမ်းပိုက်ပြီး အစိုးရပိုင်သတင်းစာများက ဝါဒဖြန့်သော သတင်းတုများနှင့် ပြည်သူများ လွန်စွာရင်းနှီးခဲ့ရခြင်းဖြစ်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းချိန်တွင် သတင်းတုများဖန်တီးခြင်း၏ ရည်ရွယ်ချက်မှာ ပိုမိုကျယ်ပြန့်လာပါသည်။ လူမှုမီဒီယာပလက်ဖောင်းကို အသုံးပြုလာနိုင်သဖြင့် သတင်းဖြန့်ဖြူးမှု ယခင်ထက် ပိုမိုမြန်ဆန်လာပြီး ဆိုးကျိုး၊ ကောင်းကျိုး သက်ရောက်မှု ပိုမိုကြီးမားလာပါသည်။ အထင်ရှားဆုံးအဖြစ် သတင်းတုဖန်တီးသူများသည် ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ရခိုင်လူမျိုးနှင့် ဘင်္ဂါလီလူမျိုးတို့ကြား ပဋိပက္ခတွင် ပိုမိုမီးထိုးပေးနိုင်ရန်အကြီးအကျယ်ဝါဒဖြန့်ခဲ့ကြပါသည်။ ထိုသတင်းအရင်းခံကြောင့်ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခများဖြစ်ပွားခဲ့သည်သာမက မန္တလေး၊ ရန်ကုန်၊ ပဲခူး၊ ရှမ်းပြည်နယ် စသည့် မြို့အများအပြားသို့ လူမျိုးရေး၊ ဘာသာရေးပဋိပက္ခမီးများ ပျံ့နှံ့ခဲ့သည်အထိ ဖြစ်ပွားခဲ့ရပါသည်။[40]

## နိဂုံး

၃၆။ သတင်းအတုများသည် တစ်ကမ္ဘာလုံးတွင် ဗိုင်းရပ်စ်ကဲ့သို့ ပျံ့နှံ့လွယ်သောကြောင့် ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြားပြီး ယုံကြည်ကြမှသာ သတင်းအတုအယောင်များ၏ ပစ်မှတ်မှ လွတ်ကင်းနိုင်ကြမှာ ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ လွှတ်တော်နှင့်မီဒီယာများ ပူးပေါင်းဆောင်ရွက်မှသာ သတင်းတုသတင်းမှားများကို တိုက်ဖျက်နိုင်မည်ဖြစ်ပါသည်။

၃၇။ သို့ဖြစ်ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ခိုင်မာစေရေးအတွက်လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက်လည်းကောင်း နိုင်ငံတော်အစိုးရက ပြည်သူနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အရေးကြီးလှသော ယနေ့အချိန်အခါ၌ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အဖျက်အမှောင့်လုပ်ဆောင်သူများ၏ သတင်းမှားနှင့် ကောလာဟလများ ဖြန့်ချီနေမှုများကို အလွယ်တကူ ယုံကြည်ခြင်းမပြုဘဲ အထူးသတိပြုဆင်ခြင်နိုင်ကြပါရန် တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအားဒေါ်ချိုချိုဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းများက ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[40]မိုးယံခါ၊ voicejournal၊ သတင်းအတုအပသတိပြုပါ။ MAY 21, 2018, ၊ available from: https://voicejournalmm.com/archives/10128[accessed 5 October, 2019]

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။


သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com